**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(တတိယနေ့)(၆. ၁၂. ၂၀၁၇) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အကြံပြုချက် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ။** ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်၏ နောက် ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အကြံပြု ဆွေးနွေး ဖိုဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီအဖွဲ့ဝင်၊ ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးမှာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) (၄-၁၂-၂၀၁၇) ရက်နေ့ တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၇- ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဆွေးနွေးချက်အား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အဋ္ဌမပုံမှန် အစည်းအဝေး(ပထမနေ့) (၄-၁၂-၂၀၁၇) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေး ဆိုင်ရာကော်မတီ အစည်းအဝေးကို(၃-၁၂-၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ ပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးတို့မှ တာဝန်ရှိသူများ စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤအကြံပြုချက်ကို ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲသုံးစွဲရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဌမပုံမှန် အစည်းအဝေး (၄-၁၂-၂၀၁၇)ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။ ဤဥပဒေမှာ ၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို အခြေခံ၍ ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။

ဥပဒေကြမ်းတွင်အခန်းပေါင်း(၂)ခန်း၊ ပုဒ်မပေါင်း(၃)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိ ချက်အရ ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေကျပ် (၁၀၄၉. ၂၈၁)သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် (၄၂၁၃. ၄၀၄)သန်း၊ပေါင်းကျပ်(၅၂၆၂. ၆၈၅)သန်း၊ ပြည်နယ် လွှတ်တော်သာမန်သုံးငွေကျပ် (၂၅. ၈၀၃)သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ်(၈၉၂. ၄၆၀)သန်း၊ ပေါင်းကျပ်(၉၁၈. ၂၆၃)သန်း၊ ပြည်နယ် တရားလွှတ်တော်တရားရုံး သာမန် သုံးငွေကျပ် (၁. ၇၅၀) သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ်(၆, ၀၀၀) သန်း၊ ပေါင်းကျပ် (၇. ၇၅၀)သန်း၊ ပြည်နယ် ဥပဒေချုပ်ရုံး သာမန်သုံးငွေကျပ် (၃၅. ၇၀၀)သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် (၃. ၁၀၀)သန်း၊ ပေါင်းကျပ် (၃၈. ၈၀၀)သန်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး သာမန် သုံးငွေကျပ်(၄. ၉၆၁)သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်(၈. ၀၀၀) သန်း၊ ပေါင်းကျပ်(၁၂. ၉၆၁)သန်းဖြစ်ပြီး အဖွဲ့အစည်း(၅)ခု၏ သာမန်သုံးငွေကျပ် (၁၁၁၇- ၄၉၅)သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ( ၅၁၂၂. ၉၆၄)သန်း၊ စုစုပေါင်းကျပ် (၆၂၄၀. ၄၅၉)သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးစွဲမှုတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် (၂၂. ၄၇၀)သန်း၊ ငွေလုံးငွေရင်းသုံး ငွေကျပ်(၇၂. ၃၄၀)သန်း၊ ပေါင်းကျပ် (၉၄. ၈၁၀)သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၄)ခု သုံးစွဲမှုမှာ သာမန် သုံးငွေကျပ် (၅၉၁. ၆၂၆)သန်း၊ငွေလုံးငွေရင်းသုံးငွေကျပ် (၁၂. ၇၀၀) သန်း၊ ပေါင်းကျပ်(၆၀၄. ၃၂၆)သန်း၊ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် (၉. ၄၈၁)သန်း၊ ငွေလုံးငွေရင်းသုံး ငွေကျပ်(၇. ၉၅၆)သန်း၊ ပေါင်းကျပ် (၁၇. ၄၃၇)သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခုသုံးစွဲမှုမှာ သာမန်သုံးငွေ ကျပ်(၂၇၈. ၈၄၄)သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်(၁၂၉. ၉၃၄) သန်း၊ ပေါင်းကျပ် (၄၀၈. ၇၇၈)သန်း၊

စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခု သုံးစွဲမှုမှာ ငွေလုံးငွေရင်းသုံးငွေကျပ် (၈၉. ၁၀၀)သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု သုံးမှုမှာ သာမန်သုံးငွေကျပ် (၁၀၀၀, ၀၀၀)သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ်(၄၁၇၆. ၀၀၀)သန်း၊ ပေါင်းကျပ် (၅၁၇၆. ၀၀၀)သန်း ဖြစ်ပြီး၊ ဝန်ကြီးဌာန(၆)ခု၏ သာမန်သုံးငွေကျပ် (၁၉၀၂. ၄၂၁)သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ်(၄၄၈၈. ၀၃၀)သန်း၊ စုစုပေါင်းကျပ် (၆၃၉၀. ၄၅၁)သန်း သုံးစွဲရန်တင်ပြထားသည်ကို တွေ့ရှိရပါ တယ်။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသုံးစွဲမှုတွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ သာမန်သုံးငွေ ကျပ်(၃. ၀၀၀)သန်း၊ ငွေလုံးငွေရင်းငွေကျပ် (၃၀၆၉. ၀၀၀)သန်း၊ စုစုပေါင်း ကျပ် (၃၀၇၂. ၀၀၀)သန်း သုံးစွဲရန်တင်ပြထားသည်ကို တွေ့ ရှိရပါတယ်။

စည်ပင်သာယာရေးအဖွဲ့များသုံးစွဲမှုတွင် သာမန်သုံးငွေကျပ်(၂၅၄.၈၃၄)သန်း၊ ငွေလုံးငွေရင်း သုံးငွေ ကျပ်(၄၂၈၄. ၃၂၀) သန်း၊ စုစုပေါင်း ကျပ်(၄၅၃၉. ၁၅၄)သန်း သုံးစွဲရန် တင်ပြထားသည် ကို တွေ့ရှိရပါတယ်။

**တင်ပြချက်**

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာအစိုးရအဖွဲ့ အပါအဝင် အဖွဲ့အစည်း(၅)ခု၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ(၁၅)ခု၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်း(၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ (၁)ခု တို့၏သာမန်သုံးငွေ ကျပ်(၃၂၇၇. ၇၅)သန်း၊ငွေလုံးငွေရင်းသုံးငွေကျပ် (၁၆၉၆၄, ၃၁၄)သန်း၊ စုစုပေါင်းကျပ်(၂၀၂၄၂. ၀၆၄)သန်း သုံးစွဲရန် တင်သွင်းထားမှုတွင် ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်မှချမှတ် ထားသော မူဘောင် အတွင်းရေးဆွဲပြုစုထားသည်ကို တွေ့ရှိရပါသောကြောင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း တင်သွင်းမှုအပေါ် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိသဖြင့် အတည်ပြုသင့်ပါကြောင်း အစီရင်ခံစာတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့မှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အပြုသဘောဆောင်ပြီး ပါသင့်သည့်အချက်များကို အကြံပြုပြီးတော့မှ ဆွေးနွေးတာရှိပါတယ်။ ဒါ့အပြင် ဥပဒေပြုရေးဆိုင်ရာကော်မတီကလည်း ၎င်းကော်မတီရဲ့ အစီရင်ခံစာကို တင်ပြပြီး ဥပဒေကိုအတည်ပြုသင့်ကြောင်း အကြံပြုဆွေးနွေးထားတာရှိပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး မှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)အရ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ပြန်လည်ရှင်းလင်း ပေးရန် နှင့် ဥပဒေကြမ်းကို အတည်ပြုပေးဖို့အတွက် အဆိုပြုတင်ပြဖို့ဖြစ် ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲ ရေးဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးသွားတဲ့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းလှဝင်းအား အထူးကျေးဇူးတင်ရှိပါတယ်။ အခုလို အပြု သဘောဆောင်တဲ့ အကြံပြုချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြိုဆိုမိပါတယ်။ လိုအပ်တဲ့ အသေးစိတ်စာရင်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ ့ ရသုံးခန် မှန်းခြေငွေစာရင်းဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာ အသုံးပြုတဲ့ ဝန်ကြီးဌာန၏သုံးစွဲတဲ့ အသေးစိတ် စာရင်းများကို နောင်လာမည့် ဘတ်ဂျက်တွေ မှာအားလုံး ပြည့်ပြည့်စုံစုံဆောင်ရွက်နိုင်ဖို့အတွက် ပူးပေါင်းတိုင်ပင်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်၊ နောက်တစ်ခါ ရေးရာကော်မတီဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်အောင် တင်ပြပေးသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြား လိုပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဘဏ္ဍာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျအချိန်မီသုံးနိုင်ဖို့အတွက် စီမံဆောင်ရွက်ရမှာဖြစ်လို့ ယခုတင်ပြထားတဲ့ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပေးပါရန် ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(ပထမနေ့)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော

၂၀၁၇- ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန်အတွက် လွှတ်တော်ကိုယ်စားလှယ်မှ သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။